DEICHMANN

DEICHMANN

# ကျင့်ဝတ်စည်းမျဉ်း

ဤ DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင် BSCI ကျင့်ဝတ်စည်းမျဉ်း၊ ဇားရှင်း ၁/၂၀၁၄ ပါဝင်ပါသည်။ DEICHMANN အုပ်စုက BSCI ကျင့်ဝတ်စည်းမျဉ်းကို အသိအမှတ်ပြုသည့်အပြင် BSCI ၏အဆင့်ဆင့်ဖော်ပြချက်များကို ပိုမိုအားဖြည့်နိုင်ရန် ၎င်း၏ကိုယ်ပိုင် ဖွဲ့စည်းမှုပုံစံမှာလည်း အသုံးပြုထားပြီး ဖြစ်ပါသည်။

# နိဒါန်း

ကျွန်ုပ်တို့ DEICHMANN လုပ်ငန်းစုသည် ကမ္ဘာအနှံ့ရှိ ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် လူမှုရေးလက်သင့်ခံနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင် အကျိုးပြုမှုအတွက် တာဝန်ယူဆောင်ရွက်မည်ဟု ကတိပြုထားပါသည်။ ကျွန်ုပ်တို့၏စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်ရှိ အားလုံး၊ ကျွန်ုပ်တို့၏ဝန်ထမ်းများနှင့် အခြားအဖွဲ့များအား ကျွန်ုပ်တို့၏ရပ်တည်မှုကို ရှင်းပြရန်အတွက်၊ ဤ DEICHMANN ကျင့်ဝတ်စည်းမျဉ်း (၂၀၁၆ ဗားရှင်း) ကိုရေးဆွဲရခြင်းဖြစ်ပါသည်။ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု လုပ်ငန်း ကွင်းဆက်တလျှောက်ရှိ ကုမ္ပဏီအားလုံးသည်၊ ဤကျင့်ဝတ်စည်းမျဉ်းကို ချွင်းချက်မရှိလိုက်နာရမည်ဖြစ်ပြီး၊ ဤအချက်သည် ညှိနှိုင်း၍မရသော လိုအပ်ချက်တစ်ခုဖြစ်သည်။

ဤ DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင် Business Social Compliance Initiative (BSCI) ၏ နောက်ဆုံးစည်းမျဉ်းသဘော တရားများကို လိုက်နာထားပြီး၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်း စည်းမျဉ်းဆိုင်ရာ လမ်းညွှန်ချက်များ၊ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ UN ၏ လမ်းညွှန်စည်းမျဉ်းများ၊ OECD ၏လမ်းညွှန်စည်းမျဉ်းများ၊ UN Global Compact နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက် အလုပ်လုပ်သောအခြေအနေပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ မရှိမဖြစ်လိုအပ်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ သဘောတူညီချက်များနှင့် အကြံပြုချက်များကဲ့သို့ နိုင်ငံတကာသဘောတူညီချက်များအပေါ် အခြေခံထားပါသည်။

ဤ DEICHMANN ကျင့်ဝတ်စည်းမျဉ်းနှင့်အတူ ကျွန်ုပ်တို့သည် DEICHMANN ၏စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်ရှိ အဖွဲ့အားလုံးနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်၊ ကျွန်ုပ်တို့၏ စည်းမျဉ်းများကို မိတ်ဆက်ပေးပြီး ရှေ့ဆက်ပိုမိုတိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ဖို့ ရည်ရွယ်ထားပါသည်။ ဤအချက်ကို ကျေပွန်အောင် မဆောင်နိုင်သောကိစ္စမျိုးတွင်၊ ကျွန်ုပ်တို့က လုပ်ငန်းဆက်နွယ်နေမှုကို ယတိပြတ် ရပ်စဲလိုက်မည်မဟုတ်ပါ။

ကျွန်ုပ်တို့၏အခြေခံစည်းမျဉ်းမှာ၊ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက်ရှိ ကုမ္ပဏီများ (တဆင့်ခံ ကန်ထရိုက်တာများ) အားလုံးအနေဖြင့် မိမိတို့လုပ်ဆောင်သည့်အရာတိုင်းတွင် ဤစာရွက်စာတမ်း၌ ချမှတ်ထားသော စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။ ကျွန်ုပ်တို့၏ စည်းမျဉ်းတစ်ခုခုက နိုင်ငံတစ်နိုင်ငံ၏ သို့မဟုတ် ဒေသတစ်ခု၏ ဥပဒေများထက် လျော့နည်း၍ ပြဋ္ဌာန်းထားပါက၊ ဤကဲ့သို့ စံနှုန်းပိုမြင့်သော နိုင်ငံတော်ဥပဒေများကို ကျင့်သုံးပါမည်။ ထိုသို့သောကိစ္စရပ်မျိုးတွင် DEICHMANN လုပ်ငန်းပါတနာများက DEICHMANN အုပ်စုထံ ချက်ချင်း အကြောင်းကြားရမည်။ ပြဋ္ဌာန်းချက်များ သို့မဟုတ် စည်းမျဉ်းများက ဥပဒေထက် သာလွန်နေပြီး ပိုမိုအဆင့်မြင့်နေပါက ၎င်းတို့သည် ပျက်ပြယ်သွားမည်မဟုတ်ဘဲ အဲဒီအတိုင်း လိုက်နာဆောင်ရွက်ရမည်။



Heinrich O. Deichmann၊ ဒါရိုက်တာဘုတ်အဖွဲ့နှင့်
အလုပ်အမှုဆောင်ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ

လုပ်ငန်းစီမံဆောင်ရွက်မှု သို့မဟုတ် ဝန်ဆောင်မှုအတွက် တာဝန်ရှိသောပုဂ္ဂိုလ်၊ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်တွင် ၎င်း၏ တည်ရှိမှုအနေအထားကြောင့် လူမှုစံနှုန်းများကို ဖြည့်ဆည်းပေးရာတွင် သေချာလုပ်ဆောင်ပေးနိုင်သည့် စာချုပ်နှင့်ဆိုင်သော ပါတနာတစ်ဦး ဖြစ်သည်။ ဤအဓိပ္ပါယ်သတ်မှတ်ချက်သည် ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ၊ သွင်းကုန်လုပ်ငန်းရှင်များ၊ စက်ပစ္စည်းတပ်ဆင်ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ အစရှိသူတို့အပေါ် သက်ရောက်မှုရှိပါသည်။

"တဆင့်ခံ ကန်ထရိုက်တာ" ဆိုသည်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းစဉ် ကွင်းဆက်တလျှောက်ရှိ စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ဖြစ်စေ၊ ဝန်ဆောင်မှုများထောက်ပံ့ပေးခြင်းဖြစ်စေ၊ ထိုအကြောင်းအရာများနှင့် ဆက်စပ်ပြီး မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများ နှင့်/သို့ ဝန်ဆောင်မှုများဖြင့် ကုန်ပစ္စည်းပေးသွင်းသူဆီ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီစဉ်ပေးသူဖြစ်ပါသည်။

## 1. ဝန်ထမ်းများ၏ပါဝင်မှုနှင့် အကာအကွယ်ပေးမှု

DEICHMANN စီးပွားဖက်ပါတနာများနှင့်
ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက်ရှိ
တဆင့်ခံ ထန်ထရိုက်တာများသည် ၎င်းတို့၏ဝန်ထမ်းများနှင့်
၎င်းတို့၏ကိုယ်စားလှယ်များကို အလုပ်နှင့်ဆက်စပ်နေသော
ကိစ္စရပ်များအကြောင်းနှင့်ပတ်သက်၍
ဆက်စပ်သတင်းအချက်အလက်များ ဖလှယ်ရာတွင်
ပါဝင်ခွင့်ပြုရန်အတွက် အတည်ပြုထားသော
စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများကို
ချမှတ်ရမည်။ ၎င်းကျင့်သုံးဆောင်ရွက်မှုများအရ DEICHMANN
ကျင့်ဝတ်စည်းမျဉ်း၏ ရည်ရွယ်ချက်များနှင့်အညီ ဝန်ထမ်းများကို
ကာကွယ်ရန်နှင့် ဝန်ထမ်းများအား သူတို့၏ အခွင့်အရေးများနှင့်
တာဝန်များနှင့်ပတ်သက်၍ အကြောင်းကြားပြီး တိကျသော
လုပ်ငန်းအဆင့်များကို ဆောင်ရွက်ရန်အတွက်၊ သင့်လျော်သော
စီမံချက်များကို ခွင့်ပြုရမည်။

ထို့အပြင် DEICHMANN စီးပွားဖက်ပါတနာများနှင့်
ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက်ရှိ တဆင့်ခံ
ကန်ထရိုက်တာများက မိမိတို့၏ အလုပ်အမှုဆောင်များ၊ ဝန်ထမ်းများနှင့်
ဝန်ထမ်းကိုယ်စားလှယ်များအကြား စွမ်းရည်များဖွံ့ဖြိုးတိုးတက်ရန်
လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏စီးပွားရေးလုပ်ငန်းဆောင်ရွက်
မှုများတွင် ထိုလုပ်ဆောင်မှုများ အောင်မြင်စွာ စွဲခိုင်နေသည်အထိ
လုပ်ဆောင်ရမည်။ ဤသို့လုပ်ဆောင်ရန် အထူးသဖြင့် စက်မှု လု
ပ်ငန်းဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်
အဆင့်အားလုံးတွင် သင်တန်းနှင့် အဆင့်မြင့်သင်တန်းများကို
စဉ်ဆက်မပြတ် ပို့ချရန် လိုအပ်သည်။

တစ်ဦးတစ်ယောက်နှင့်ဆက်သွယ်လုပ်ကိုင်ရမှုများတွင်
DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်
များနှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ
တဆင့်ခံကန်ထရိုက်တာများသည် အပျက်သဘောဆောင်
အကျိုးသက်ရောက်မှုထဲ ရောက်နေနိုင်တဲ့ ဆိုးရွားစွာထိခိုက်ခံရပြီး
ဖြစ်နိုင်သည့် တစ်ဦးချင်းစီးပွားလုပ်သူနှင့် အုပ်စုဖြင့်လုပ်သူများအတွက်
ထိရောက်သော တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို
သတ်မှတ်ရမည် သို့မဟုတ် လုပ်ထုံးလုပ်နည်းတွင် ပါဝင်ရမည်။
ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော တရားရေးရာစနစ်များ
နေရာတကျရှိသည့် နေရာဒေသမျိုးတွင်ပင် တိုင်ကြားချက်ဆိုင်ရာ
လုပ်ထုံးလုပ်နည်းများက အထူးအကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပါသည်။
ဥပမာ ယုံကြည်ရသောပုဂ္ဂိုလ်ထံ အမြန်ဆက်သွယ်ခွင့်ပေးထားခြင်း၊
နစ်နာချက်၊ လျှော့ပေါ့စရိတ်များနှင့် နိုင်ငံတကာရှိကုမ္ပဏီကြီးများဆီ
အချက်အလက်ပေးခြင်း။

## 2. ကလေးလုပ်သားနှင့် လူငယ်များကို အကာအကွယ်ပေးခြင်း

ကလေးလုပ်သားဆိုသည်မှာ အသက် ၁၅ နှစ်အောက် ရှိသူများ
လုပ်ကိုင်ပေးသည့် အလုပ်ကိုဆိုလိုသည်။ ဒေသတွင်းဥပဒေက
ပိုကြီးသော အနည်းဆုံးရှိရမည့်အသက် သို့မဟုတ် ပိုကြာသော
မဖြစ်မနေကျောင်းတက်ရောက်ချိန်ကို သတ်မှတ်ထားလျှင်၊
ပိုကြီးသည့် အသက်က အကျုံးဝင်ပါသည်။ သို့သော် ILC
သဘောတူညီချက် ၁၃၈ တွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဆက်
စပ်ပြီး ခြွင်းချက်များထဲတွင် သတ်မှတ်ထားသည့်အတိုင်း၊
ပြဋ္ဌာန်းဥပဒေအရ အနည်းဆုံးရှိရမည့်အသက်သည် ၁၄ နှစ်
ဖြစ်လျှင် ထိုပိုငယ်သောအသက်က အကျုံးဝင်ပါသည်။

"ဆယ်ကျော်သက်အရွယ် အလုပ်သမားများ" သည် အထက်ပါ
အဓိပ္ပါယ်သတ်မှတ်ချက်အတွင်းရှိ ကလေးထက်ကြီးသော၊ အသက်
၁၈ နှစ်အောက်ငယ်သော ဝန်ထမ်းကို ဆိုလိုပါသည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့်
ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်ရှိ
တဆင့်ခံကန်ထရိုက်တာများသည်
အထက်ပါသတ်မှတ်ချက်အတွင်း အကျုံးဝင်သော
ကလေးလုပ်သားကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခြင်းကို
လက်သင့်ခံခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
လုံးဝ မပြုလုပ်ရ။ အလုပ်သမားများကို မည်သည့်အခါမှ
မနှိမ့်ချဘဲ သို့မဟုတ် အရည်အသွေးလျှော့ထားခြင်းမရှိဘဲ
လူသစ်စုဆောင်းရေးလုပ်ငန်းစဉ်တွင် သင့်လျော်သည့် အသက်
သတ်မှတ်ဆုံးဖြတ်သောလုပ်ထုံးလုပ်နည်းများကို အသုံးပြုရမည်။

အထက်ပါအဓိပ္ပာယ်သတ်မှတ်ချက်အတွင်း ကလေးလုပ်သားအဖြစ်
ကျရောက်သောကလေးငယ်များဖြစ်ရပ်တွင် ကလေးလုပ်သားအဖြစ်မှ
လွတ်ငြိမ်းခွင့်ပေးပြီးဖြစ်လျှင် DEICHMANN စီးပွားဖက်ပါတနာများနှင့်
ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းကွင်းဆက်အဆင့်ဆင့်
ရှိ တဆင့်ခံကန်ထရိုက်တာများသည် ထိုကလေးငယ်များ၏
ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်
ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ကိုင်ပေးကြောင်းသေချာစေသည့်
နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မိမိတို့ဝန်ထမ်းနှင့်

အခြားစိတ်ပါဝင်စားသူများအား မိတ်ဆက်ပေးရမည်၊ မှတ်တမ်းတင်ပေးရမည် သို့မဟုတ် အခြေအနေတစ်ရပ် ဖန်တီးပေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်ရှိ တဆင့်ခံ ကန်ထရိုက်တာများအနေနှင့်က အထက်ဖော်ပြပါ အဓိပ္ပါယ်သတ်မှတ်ချက်အတွင်းရှိ ကလေးများကို ကလေးအဖြစ် မသတ်မှတ်တော့သည့် အရွယ်ရောက်သွားသည်အထိ ထိုကလေးငယ်များ ကျောင်းတက်နိုင်ရေးအတွက် ပံ့ပိုးပေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် ဒေသတွင်းမတက်မနေရ ကျောင်းတက်ရောက်ရေးဥပဒေများ သို့မဟုတ် ကျောင်းတက်ရောက်သူများအပေါ်အခြေခံထားသော ILO အကြံပြုချက် ၁၄၆ ဖြင့် အကျုံးဝင်စေသော ကလေးငယ်များ၏ပညာရေးကို အထောက်အကူပေးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မိမိတို့ဝန်ထမ်းများနှင့် အခြား စိတ်ပါဝင်စားသူများအား မိတ်ဆက်ပေးရမည်၊ မှတ်တမ်းတင်ပေးရမည် သို့မဟုတ် အခြေအနေတစ်ရပ် ဖန်တီးပေးရမည်။ ကျောင်းတက်ချိန်အတွင်း မည်သည့် ကလေးငယ်ကိုဖြစ်စေ၊ ဆယ်ကျော်သက်အလုပ်သမားကိုဖြစ်စေ အလုပ်ခန့်အပ်မည်မဟုတ်ကြောင်း၊ တစ်နေ့အတွင်း (အလုပ်၊ ကျောင်းနှင့် အိမ်အကြား) ကူးပြောင်းသွားလာရချိန်၊ ကျောင်းတက်ရချိန်နှင့် အလုပ်လုပ်ရချိန်တို့သည် ၁၀ နာရီထက်မကျော်ကြောင်း အာမခံသည့် စီမံချက်များ ပါဝင်သည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် ဆယ်ကျော်သက်အရွယ် အလုပ်သမားများ ညပိုင်းအလုပ်မလုပ်ကြောင်းနှင့် သူတို့၏ အလုပ်ခွင်ပြင်ပတွင်လည်း သူတို့တို့၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အန္တရာယ်ဖြစ်စေနိုင်သည့် အရာများမှ ကာကွယ်ပေးထားကြောင်း သေချာစေရမည်။ ကုမ္ပဏီများသည် ထိရောက်သော တိုင်ကြားချက်ဖွင့်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကျောင်းစနစ်များနှင့် စက်မှုလုပ်ငန်းတွင် ဘေးကင်းလုံခြုံရေး အစီအစဉ်များကို ဆယ်ကျော်သက်အရွယ် အလုပ်သမားများ အသုံးချဖို့ အခွင့်အရေးရှိအောင် စီစဉ်ပေးရမည်။

## 3. အတင်းအကြပ်ခိုင်းစေသော လုပ်သား

အတင်းအကြပ်ခိုင်းစေသော လုပ်သားဆိုသည်မှာ အပြစ်ပေးမည်ဟု ခြိမ်းခြောက်ပြီး မိမိဆန္ဒမပါဘဲ တစ်စုံတစ်ယောက်က အတင်းအကျပ်တောင်းဆိုသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုလိုပါသည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် စာချုပ်ချုပ်ဆို၍ စေခိုင်းသောလုပ်သား၊ ကျွန်အဖြစ်စေခိုင်းသောလုပ်သား၊ လူကုန်ကူးခံရသူများ သို့မဟုတ် ထောင်သားများ အပါအဝင် အတင်းအကျပ်စေခိုင်းသော သို့မဟုတ် မလုပ်မနေရလုပ်ခိုင်းသော လုပ်သားများကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခြင်းကို သည်းခံခြင်း လုံးဝမပြုလုပ်ရ။

ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ ၎င်းတို့၏လုပ်ငန်းပါတနာများမှ ခန့်အပ်သော ထိုသို့သော အလုပ်ကြမ်းပုံစံများဖြင့် အကျိုးအမြတ်ရရှိသည်ဆိုလျှင် DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများကို ကြဲရာပါဟု စွပ်စွဲခံရနိုင်ပါသည်။ လူသစ်စုဆောင်းစဉ် DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များသည် လူများဆီမှ စရံငွေ မတောင်းဆိုရပါ၊ သို့မဟုတ် ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများ ပေးရန်လည်း မတောင်းဆိုရပါ။ ဝန်ထမ်းအနေနှင့် ၊ ၎င်း၏အလုပ်မှ မည်သည့်အချိန်တွင်မဆို အဟန့်အတားမရှိ နုတ်ထွက်ခွင့်ရှိပြီး၊ ၎င်းတို့၏စာချုပ်များအတွက် ကျိုးကြောင်းသင့်လျော်သော ကာလတစ်ခုအတွင်း အကြောင်းကြားစာပေး၍ ရပ်စဲနိုင်သော အခွင့်အရေးရှိသည်။

## 4. စည်းကမ်းအရ အရေးယူဆောင်ရွက်မှု

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက မိမိတို့၏ဝန်ထမ်းများကို လူမဆန်သော သို့မဟုတ် ဂုဏ်ငယ်စေသော အပြုအမူ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ရိုက်နှက်ပြစ်ဒဏ်ပေးမှု၊ ကိုယ်၊ စိတ်တို့ကို ခြိမ်းခြောက်အကျပ်ကိုင်မှု နှင့်/သို့မဟုတ် နှုတ်ဖြင့် ရိုင်းစိုင်းစွာပြောဆိုခြင်းမျိုး မပြုမဖော်၊မလုပ်၊မလုပ်မိစေရေးန် သေချာအောင်လုပ်ဆောင်ရမည်။

စည်းကမ်းအရ အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်သော လိုအပ်ချက်မှန်သမျှကို အမြဲ စာရေးသားသတ်မှတ်ထားပြီး ရှင်းရှင်းလင်းလင်း နားလည်နိုင်မည့်စကားလုံးများဖြင့် ဝန်ထမ်းများအား နှုတ်ဖြင့်ရှင်းပြရမည်။

## 5. ခွဲခြားဆက်ဆံခြင်း

အထူးသဖြင့် သူ (သို့) သူမ၏ အလုပ်ခန့်အပ်မှု၊ ဝန်ဆောင်ခပေးငွေ၊ အဆင့်မြင့်သင်တန်း၊ ရာထူးတိုးခြင်း၊ အလုပ်မှရပ်စဲကြောင်း သို့မဟုတ် အနားပေးကြောင်း သတိပေးချက်တို့နှင့် ပတ်သက်၍၊ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက သူ (သို့) သူမ၏ လူမျိုး၊ လူမျိုးဇာတ်၊ မွေးရပ်၊ လူမှုရေးအတန်းအစား၊ မျိုးနွယ်၊ နိုင်ငံသား၊ ကိုးကွယ်သည့်ဘာသာ၊ မသန်မစွမ်းဖြစ်မှု၊ လိင်စိတ်သဘောထား၊ အဖွဲ့အစည်းတစ်ခုခု၏ အသင်းဝင်ဖြစ်မှု၊ နိုင်ငံရေးဆက်နွယ်မှု၊ မိသားစုရေးရာ တာဝန်ယူမှု သို့မဟုတ် ကျား/မ ဖြစ်တည်မှုတို့အပေါ် ခွဲခြားဆက်ဆံခြင်းမပြုရ သို့မဟုတ် ထိုသို့ခွဲခြားဆက်ဆံခြင်းကို သည်းခံခြင်းမပြုရ။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် မိမိတို့၏ဝန်ထမ်းများအနေဖြင့် လူမျိုး၊ လူမှုရေးအတန်းအစား၊ နိုင်ငံသား၊ ကိုးကွယ်သည့်ဘာသာ၊ မသန်မစွမ်းဖြစ်မှု၊ ကျား/မ ဖြစ်မှု၊ လိင်စိတ်သဘောထား၊ အဖွဲ့အစည်းတစ်ခုခု၏ အသင်းဝင်ဖြစ်မှု သို့မဟုတ် နိုင်ငံရေး ဆက်နွယ်မှုနှင့်ပတ်သက်သော သာသာရေးဆိုဆုံးမချက်များနှင့် အပြုအမူများကို လိုက်နာဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ပြည့်စုံအောင်လုပ်ရန်အတွက် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးသောအခါ မဟန့်တားရပါ။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ခြိမ်းခြောက်မှု၊ အလွဲသုံးမှု သို့မဟုတ် အမြတ်ထုတ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုသော ကိုယ်ထိလက်ရောက် စော်ကားမှု သို့မဟုတ် နှုတ်ဖြင့်စော်ကားမှု သို့မဟုတ် ဟန်အမူအရာဖြင့်ပြသမှုတို့အပါအဝင် မည်သည့်လုပ်ဆောင်ချက်ကိုမှ သည်းမခံရပါ။

အမျိုးသမီးဝန်ထမ်းများသည် မီးမဖွားမီနှင့် မီးဖွားအပြီး ကိုယ်ဝန်ဆောင်ခြင်းနှင့်ပတ်သက်၍ အနည်းဆုံးအနေနှင့် အကာအကွယ်ပေးထားသော ပြဋ္ဌာန်းဥပဒေများကို ရယူခံစားပိုင်ခွင့်ရှိသည်။ ကိုယ်ဝန်ဆောင်သည့်အတွက် အမျိုးသမီးဝန်ထမ်းများကို အလုပ်ဖြုတ်ခြင်းမပြုရ။ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးနှင့်ပတ်သက်၍ အန္တရာယ်ရှိနိုင်သည့်နေရာများတွင် အလုပ်မလုပ်ခိုင်းရ။

## 6. မသေချာမရေရာသည့်ပုံစံဖြင့် အလုပ်ခန့်အပ်ခြင်းမပြုရ

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် မိမိတို့၏အလုပ်ခန့်အပ်မှုအခြေအနေများကြောင့် ဝန်ထမ်းအတွက် မသေချာမရေရာမှု ဖြစ်စေခြင်း သို့မဟုတ် လူမှုရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ အန္တရာယ်များဖြစ်စေခြင်းမျိုး မဖြစ်စေရန် သေချာအောင်ဆောင်ရွက်ရမည်။ ဆိုင်သူများသည် နိုင်ငံတော်ဥပဒေများနှင့် စည်းမျဉ်းများ၊ ကျင့်သုံးဆောင်ရွက်မှုများ၊ ဓလေ့ထုံးတမ်းများနှင့် နိုင်ငံတကာအလုပ်သမားဆိုင်ရာ အခြေခံစံနှုန်းများတွင် မည်သည့်အရာက ပိုမိုကာကွယ်ပေးသည်ဖြစ်စေ ၎င်းတို့နှင့်အညီ အလုပ်ခန့်အပ်မှုကို အသိအမှတ်ပြုထားသော၊ မှတ်တမ်းတင်ထားသော စာချုပ်များဖြင့် အခြေခံ၍ လုပ်ဆောင်ကြောင်း သေချာစေရမည်။

အလုပ်မခန့်အပ်မီ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များသည် မိမိတို့၏ဝန်ထမ်းအား သူတို့နှင့်သက်ဆိုင်သော အခွင့်အရေးများ၊ တာဝန်များ၊ အလုပ်ချိန်၊ လုပ်ခရှင်းပေးခြင်း၊ အားလပ်ရက်ခံစားပိုင်ခွင့်များ၊ မီးဖွားခွင့်များနှင့် ငွေပေးချေမှု စည်းကမ်းသတ်မှတ်ချက်များ အပါအဝင် အလုပ်နှင့်ပတ်သက်သော နားလည်သဘောပေါက်လွယ်သည့် အချက်အလက်အားလုံးကို သိရှိအောင် ဆောင်ရွက်ပေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များသည် လူသားဆန်ဆန်လုပ်ကိုင်နိုင်မည့် အလုပ်အခြေအနေများကို ပံ့ပိုးပေးရမည်။ ဤတွင် မိမိတို့၏ဝန်ထမ်းများကို မိဘ သို့မဟုတ် စောင့်ရှောက်သူကဏ္ဍအဖြစ် ဝန်ထမ်းများ၏ကဏ္ဍကို ပံ့ပိုးပေးရတာမျိုး ပါဝင်ပြီး၊ အထူးသဖြင့် မိမိနေရပ်များတွင် မိမိတို့၏ ရင်သွေးများအား ထားခဲ့ရခြင်းဖြစ်နိုင်သည့် ရွှေ့ပြောင်းလုပ်သားများနှင့် ရာသီအလိုက်လုပ်ကိုင်ရသော လုပ်သားများအား ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်များနှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များသည် ဥပဒေ၏ရည်ရွယ်ချက်အမှန်နှင့် တမင်တကာဆန့်ကျင်သော ပုံစံဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကို အသုံးမပြုရ။ ဤတွင် (က) အရည်အချင်း သို့မဟုတ် ပုံမှန်အလုပ်ပေးရန် ရည်ရွယ်ချက်မရှိသော သင်တန်းပရိုဂရမ်များ (ခ) ရာသီအလိုက်လုပ်ရသော အလုပ် သို့မဟုတ် ထူးဆန်းသော အလုပ်များအနေနှင့် ဝန်ထမ်းအကာအကွယ်ရှိမှုကို လျော့ပါးလေ့ရှိသော အလုပ်များ (ဂ) လုပ်သား-သီးသန့် စာချုပ်များတို့ ပါဝင်သော်လည်း၊ ၎င်းတို့နှင့်သာ ကန့်သတ်မထားပါ။ ထို့အပြင် တဆင့်ခံ ကန်ထရိုက်ပေးခြင်းဖြင့် ဝန်ထမ်းတစ်ဦးဦး၏ အခွင့်အရေးများကို လျော့ပါးခြင်းမဖြစ်စေရ။

## 7. သင့်လျော်သော လုပ်အားခရှင်းပေးခြင်း

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များက ပုံမှန်အလုပ်လုပ်ရက် တစ်ပတ်စာအတွက် ပေးသော လုပ်အားခများနှင့် လစာများသည် တရားဝင်လိုအပ်ချက်များနှင့် အနည်းဆုံး ကိုက်ညီနေရမည်၊ သို့မဟုတ် ပိုမြင့်ပါက အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့အကြားဆွေးနွေးထားသော သဘောတူညီချက်များတွင် ဆုံးဖြတ်ပြီးသား ပြဋ္ဌာန်းဥပဒေများနှင့်တစ်ပြေးညီ ဖြစ်ရမည်ဖြစ်ပြီး၊ ၎င်း ပြဋ္ဌာန်းဥပဒေတွင် လူမှုရေးအကျိုးခံစားခွင့်များ ထည့်သွင်းထားကြောင်းကို သေချာလုပ်ဆောင်ရမည်။ ပေးချေသော လုပ်အားခများနှင့် လစာများသည် ဝန်ထမ်းများ၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ဝန်ထမ်းများနှင့် သူတို့၏မိသားစုများကို သိက္ခာရှိသော ဘဝအသွင်ဖြင့် နေထိုင်ခွင့်ရှိရန်နှင့်၊ လွတ်လပ်စွာ သုံးစွဲနိုင်သော ဝင်ငွေရရှိစေရန်အတွက် လုံလောက်ပြည့်စုံရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများက လုပ်ခများ၊ လစာများနှင့် လစာအပြင် ဘေးပန်းအကျိုးခံစားခွင့်များနှင့်ပတ်သက်သော တိတိကျကျသတ်မှတ်ချက်များကို ပုံမှန် ပွင့်လင်းမြင်သာစွာဖြင့် ပြုလုပ်ကြောင်း သေချာစေရမည်။ လုပ်ခဖြတ်တောက်ခြင်းကို ဥပဒေအရဖြစ်စေ၊ ဆိုင်ရာနှစ်ဦးနှစ်ဖက်သဘောတူထားသော စာချုပ်များအရဖြစ်စေ ခွင့်ပြုထားမှသာ ပြုလုပ်နိုင်သည်။ စည်းကမ်းလိုက်နာစေရေးအတွက် လုပ်ခနုတ်ယူခြင်းကို ခွင့်မပြုပါ။ လုပ်ခရှင်းပေးသည့်ပမာဏသည် ဝန်ထမ်း၏ အရည်အချင်း၊ ပညာအရည်အချင်းတို့အပေါ် မူတည်ရမည်ဖြစ်ပြီး ပုံမှန်အလုပ်ချိန်အတိုင်း ရည်ညွှန်းရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက လုပ်ခများနှင့် လစာအပြင် ဘေးပန်းအကျိုးခံစားခွင့်များကို အပ်စပ်သော ပြဋ္ဌာန်းဥပဒေများ အပြည့်အစုံနှင့်အညီ၊ တရားဝင် တင်ဒါထဲကအချက်များအတိုင်း၊ ဝန်ထမ်းအတွက် ပိုမိုကောင်းမွန်စေမည့်ပုံစံမျိုးဖြင့် ပုံမှန်ပေးကြောင်း သေချာစေရမည်။ ILO တွင် ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် တစ်စိတ်တစ်ပိုင်းပေးချေမှုများကိုလည်း လက်ခံနိုင်ကြောင်းဖော်ပြထားသည်။
DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများက ဝန်ထမ်းများ တဆင့်ခံ စာချုပ်ချုပ်ဆိုခြင်း၊ စက်မှုလုပ်ငန်းနှင့် လူမှုအာမခံဥပဒေများနှင့် ယင်းကဲ့သို့သော အခြား စည်းမျဉ်းများနှင့်အညီ မိမိတို့၏တာဝန်များကို မိမိတို့၏ဝန်ထမ်းများဆီ လမ်းလွှဲပေးမည့်ရည်ရွယ်ချက်ဖြင့် အတုအယောင်အလုပ်သင်အဖြစ် ခန့်အပ်တာမျိုး မရှိစေရန် သေချာအောင်ဆောင်ရွက်ရမည်။

## 8. ကျိုးကြောင်းသင့်လျော်သော အလုပ်ချိန်နာရီ

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက အလုပ်ချိန်များပါရှိသည့် အပ်စပ်သောဥပဒေများနှင့် စက်မှုလုပ်ငန်းစံနှုန်းများကို လေးစားလိုက်နာရမည်။ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ ဝန်ထမ်းအား တစ်ပတ်လျှင် ၄၈ နာရီထက်ပို၍ ပုံမှန် အလုပ်လုပ်ရတာမျိုး မရှိစေရ။ ရက်သတ္တပတ်အလုပ်ချိန်တွင် အနည်းဆုံး အလုပ်ပိတ်ရက် တစ်ရက်ရှိရမည်။ သို့သော် DEICHMANN အုပ်စုက ILO ၏ ချွင်းချက်များကိုလည်း အသိအမှတ်ပြုပါသည်။ နှိုင်းယှဉ်ကြည့်နိုင်သော စက်မှုလုပ်ငန်းစံနှုန်းများ သို့မဟုတ် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂအကြား သဘောတူညီချက်များနှင့် ယှဉ်လောက်သည့် အပ်စပ်သော နိုင်ငံတော်ဥပဒေများနှင့် စည်းမျဉ်းများကို ILO မှ သတ်မှတ်ထားသော နိုင်ငံတကာအခြေခံ စည်းကမ်းချက်ဘောင်များအတွင်း အဓိပ္ပါယ်ကောက်ယူရမည်။

ILO မှ သတ်မှတ်ထားသော ခြွင်းချက်များတွင်၊ အထက်က အလုပ်ချိန်နာရီများ အရေအတွက် အများဆုံးဖြစ်နိုင်ချေအချိန်ကို ကျော်လွန်တာမျိုး ရှိကောင်းရှိနိုင်ပြီး၊ ထိုကိစ္စရပ်မျိုးတွင် မိမိစိတ်သဘောဆန္ဒအလျောက် အချိန်ပိုအလုပ်ဆင်းကို ခွင့်ပြုသည်။ အချိန်ပို (ပုံမှန် ရက်သတ္တပတ်အလုပ်ချိန်ထက် ကျော်သော အလုပ်ချိန်များ) အတွက် DEICHMANN လုပ်ငန်းပါတနာများ သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများ၏ ဝန်ထမ်းများနှင့် အချိန်ပို လုပ်ရန် သဘောတူထားပြီးဖြစ်ပါက အချိန်ပိုခကို သာမန်နှုန်းထက် တစ်ဆနှင့်တစ်စိတ် မလျော့နည်းစေဘဲ ပေးအပ်ကြောင်း သေချာစေရမည်။ အချိန်ပိုလုပ်ခြင်းသည် ခြွင်းချက်ဖြစ်ရမည်ဖြစ်ပြီး မိမိစိတ်သဘောဆန္ဒအလျောက်သာ လုပ်ဆောင်ရမည်။

## 9. အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်ခွင့်

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများအနေနှင့် ဝန်ထမ်းအားလုံး၏ မိမိတို့ လွတ်လပ်သောရွေးပိုင်ခွင့်ဖြင့် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ၎င်းတို့အဖွဲ့တို့ဖြင့် ပူးပေါင်းခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့်အလုပ်ရှင်တို့အကြား ဆွေးနွေးညှိနှိုင်းကြရာတွင် ပူးပေါင်းပါဝင်ခွင့်တို့ကို လေးစားရမည်။

အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းခွင့်ကို ဥပဒေအရ ကန့်သတ်ချုပ်ချယ်ထားသော အခြေအနေမျိုးတွင်၊ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်များအနေနှင့် မိမိတို့၏ဝန်ထမ်းများက အလုပ်နှင့်ပတ်သက်သည့်ကိစ္စများကို အလုပ်ရှင်နှင့် ဆွေးနွေးရန်အတွက် လွတ်လပ်စွာ တစ်သီးတစ်ခြား ဆက်စပ်တွေ့ခေါ်နိုင်မည့် နိုင်းယှဉ်ပြုနည်းလမ်းများကို ပံ့ပိုးပေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆာင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်များအနေနှင့် ဝန်ထမ်းများ အလုပ်သမားအစည်း အရုံးဝင်ဖြစ်နေခြင်းကြောင့် ခွဲခြား၍ မဆက်ဆံရပါ၊ သို့မဟုတ် သူတို့၏အလုပ်ခွင်တွင် သူတို့ကိုယ်စားလှယ်များမှ ဝန်ထမ်းများဆီ ဝင်တွေ့ခြင်း သို့မဟုတ် ဝန်ထမ်းများနှင့် အပြန်အလှန်တုန့်ပြန် ဆောင်ရွက်မှုများကို မနှောင့်ယှက် မဟန့်တားရပါ။

## 10. ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များအနေနှင့် လုပ်ငန်းကဏ္ဍနှင့် အထူးဖြစ်ပွားလာနိုင်သည့် အန္တရာယ်များကို အကောင်းဆုံးသိရှိသည်ဟု ယူဆလျက် ဘေးကင်းလုံခြုံသော၊ သန့်ရှင်းသော ကျန်းမာရေးနှင့်အညီ နေထိုင်အလုပ်လုပ်နိုင်သော ပတ်ဝန်းကျင်တစ်ခုရှိအောင် သေချာလုပ်ဆောင်ပေးရမည်။ ဝန်ထမ်းအားလုံး၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဤကျင့်ဝတ်စည်းမျဉ်းပါ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကဏ္ဍ များကို အပြည့်အဝ လေးစားလိုက်နာရေး တာဝန်ယူရန်အတွက် စီမံ ခန့်ခွဲမှုကိုယ်စားလှယ်တစ်ဦးကို သတ်မှတ်ပေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်များအနေနှင့် အလုပ်သမားများ အလုပ်လုပ်နေစဉ်အတွင်း သို့မဟုတ် သူတို့အလုပ်မှ ဖြစ်ပေါ်လာသော သို့မဟုတ် အလုပ်ပတ်ဝန်းကျင်၌ ရှိရင်းစွဲ အန္တရာယ်များ နည်းလာစေအောင် လုပ်ခြင်းမှ သူတို့အလုပ်နှင့် ဘာလိုပဲဖြစ်ဖြစ် ဆက်စပ်နေသော စက်မှုလုပ်ငန်းဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် ဝန်ထမ်းများကျန်းမာရေးအတွက် ဆိုးရွားစွာထိခိုက်စေမည့် ဘေးအန္တရာယ်မျိုး တားဆီးမည့် စီမံချက်များကို ဆောင်ရွက်ရမည်။ ဆယ်ကျော်သက်အရွယ်ဝန်ထမ်းများ၊ ငယ်ရွယ်သော မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများကဲ့သို့၊ သို့သော် သူတို့နှင့်သာကန့်သတ်မထားဘဲ အကာအကွယ်လိုနေသည့် လူတစ်ဦးချင်းစီအတွက် အထူးအကာအကွယ်ကို ရရှိပါမည်။

ဘေးကင်းလုံခြုံပြီး ကျန်းမာသောအလုပ်ပတ်ဝန်းကျင် ဖြစ်စေရေးအတွက် အာမခံပေးသည့် စနစ်များကို အကောင်အထည်ဖော်ရာတွင် စီမံအုပ်ချုပ်မှုပိုင်းနှင့် ဝန်ထမ်းများ နှင့်/သို့မဟုတ် သူတို့၏ကိုယ်စားလှယ်များအကြား တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်ပါသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်သော ပုံစံတစ်ခုမှာ စက်မှုလုပ်ငန်း ဘေးကင်းလုံခြုံရေးကော်မတီများ ဖြစ်သည်။ ကုမ္ပဏီများသည် ဝန်ထမ်းများ၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဖြစ်လာနိုင်သည့်အန္တရာယ်များကို ဆုံးဖြတ်ရန်၊ ချင့်တွက်အကဲဖြတ်ရန်၊ တားဆီးရန်နှင့် တိုက်ခိုက်ရန် စနစ်များကို သတ်မှတ်ပြဌာန်းဖို့ သေချာဆောင်ရွက်ရမည်။ ဤစနစ်များက အလုပ်ပတ်ဝန်းကျင်ရှိအန္တရာယ်များကို လျှော့ချနေချိန်အတွင်း သို့မဟုတ် လျှော့ချသည်နှင့် ဆက်စပ်၍ ဝန်ထမ်းများအကြား

ဖြစ်လာနိုင်သော မတော်တဆဖြစ်မှုများ၊ ထိခိုက်ဒဏ်ရာများနှင့် ရောဂါများကို တားဆီးရန် ထိရောက်သော စီမံချက်များကို ဆောင်ရွက်ရမည်။ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများအနေနှင့် ဝန်ထမ်းများက သင့်လျော်ပြီး မှတ်တမ်းတင်ထားသော ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသင်တန်းများကို ရရှိထားကြောင်းနှင့် ထိုသင်တန်းကို ဝန်ထမ်းအသစ်နှင့် ပြန်လည်ခန့်အပ်သော ဝန်ထမ်းများအတွက် ပြန်လည်ဖွင့်ပေးကြောင်း သေချာလုပ်ဆောင်ရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် မလုပ်မနေရလုပ်ဆောင်သော အာမခံစနစ်များမှတဆင့် မတော်တဆဖြစ်မှုများတွင် ဝန်ထမ်းများအား ပိုမိုကာကွယ်ပေးရန်အတွက် တတ်နိုင်သည့် အားထုတ်မှုတိုင်းကို အမြဲပြုလုပ်ရမည်။ မိမိတို့လွှမ်းမိုးနိုင် သည့်အတိုင်းအတာအတွင်း အလုပ်ရှင်မှပံ့ပိုးပေးထားပါက ဝန်ထမ်းအိမ်ယာများ အပါအဝင် စက်ရုံများနှင့် အဆောက်အအုံများကို အခြေခိုင်တည်မြဲပြီး ဘေးကင်းကြောင်းသေချာစေရန်နှင့် ကြိုတင်မျှော်မှန်းနိုင်သည့် အရေးပေါ် အခြေအနေများကို တားဆီးရန်အတွက် သင့်လျော်သည့်စီမံချက်များကို ဆောင်ရွက်ရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများအနေနှင့် ဝန်ထမ်း အန္တရာယ်ချက်ချင်းကျရောက်ပြီး အပြင်ထွက်လိုအပ်ပါက ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ ကုမ္ပဏီ၏ အဆောက်အအုံမှ ထွက်ခွာခွင့်ရှိကြောင်းကို အသိအမှတ်ပြုပါသည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက စက်မှုလုပ်ငန်းဆိုင်ရာ ဆေးကုသစောင့်ရှောက်မှုနှင့်အတူ ဆက်စပ်သော ပစ္စည်းနှင့်ဝန်ဆောင်မှုများကို စီစဉ်ပေးရမည်။
DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများက သန့်ရှင်းသောသောက်ရေ ၊ ဘေးကင်းလုံခြုံပြီး သန့်ရှင်းသော စားသောက်ခန်းနှင့် နားနေဆောင်၊ အစားအစာများ ပြင်ဆင်သိုလှောင်ရန် ဘေးကင်းလုံခြုံပြီး သန့်ရှင်းသောနေရာများကို သုံးခွင့်ရှိအောင် သေချာလုပ်ဆောင်ရမည်။ မိမိတို့သည် ဝန်ထမ်းများအတွက် ထိရောက်သော တစ်ကိုယ်ရေကာကွယ်ရေးထောက်ကူပစ္စည်းများ (PPE) ကို အခမဲ့ ပံ့ပိုးပေးပါမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများအနေနှင့် ဝန်ထမ်းများအတွက်ပေးထားပါက အဆောင်များ၊ အိမ်သာများနှင့် ဆေးကြောလျှော်ဖွတ်နိုင်သည့်နေရာများသည် သန့်ရှင်းကြောင်း၊ လုံခြုံကြောင်းနှင့် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီကြောင်း သေချာအောင် ဆောင်ရွက်ရမည်။

## 11. သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် အကြီးစား ထိခိုက်မှုအတွက် မိမိတို့ ၏လုပ်ငန်းလုပ်ဆောင်ချက်များကို စစ်ဆေးရမည်ဖြစ်ပြီး၊ သဘာဝပတ်ဝန်းကျင်အတွက် မိမိတို့၏တာဝန်ကို ထင်ဟပ်စေသည့် ထိရောက်သော လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ရမည်။ သဘာဝရင်းမြစ်များကို အတတ်နိုင်ဆုံး စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးချကြောင်း သေချာစေရမည်။ မိမိတို့ လုပ်ငန်းလုပ်ဆောင်သောနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး ပါရှိသည့် သက်ဆိုင်သော ပြဋ္ဌာန်းဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် လူ့အဖွဲ့အစည်း၊ သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင်တစ်ခုလုံးအပေါ် ဆိုးရွားစွာထိခိုက်နိုင်မှုကို လျှော့ချနိုင်မည့် သင့်လျော်သော စီမံချက်များကို အကောင်အထည်ဖော်ကြောင်း သေချာစေရမည်။ ဖြစ်နိုင်သည့်နေရာတိုင်းတွင် အန္တရာယ် ဖြစ်စေနိုင်သောအရာဝတ္ထုများကို ရှောင်ကြဉ်ရမည် သို့မဟုတ် ကန့်သတ်အတိုင်းအတာဖြင့်သာ အသုံးပြုရမည်။ ၎င်းတို့ကို မှန်ကန်စွာအသုံးပြုရမည့်အပြင် ပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းမရှိမှသာ အသုံးပြုနိုင်သည်။

စွန့်ပစ်ပစ္စည်းများနှင့် ထည့်စရာကွန်တိန်နာများကို သဘာဝပတ်ဝန်းကျင်နှင့်လျော်ညီအောင် စွန့်ပစ်ကြောင်း အာမခံရမည်ဖြစ်ပြီး တောင်းဆိုပါကလည်း သက်သေပြနိုင်ရမည်။ ကုန်ထုတ်လုပ်ငန်းစဉ်အတွင်း ရရှိသော အညစ်အကြေးအားလုံးကို မှန်ကန်သည့်နည်းလမ်းဖြင့် စွန့်ပစ်ရမည်။

## 12. လူ့ကျင့်ဝတ်နှင့်လျော်ညီသော စီးပွားရေးလုပ်ငန်း

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် အကျင့်ပျက်ခြစားမှု၊ ခြိမ်းခြောက်မှု သို့မဟုတ် အလွဲသုံးစားလုပ်မှု သို့မဟုတ် လျော်ကန်ခြင်းမရှိသည့် ငွေကြေး သို့မဟုတ် အခြားမက်လုံးများပေးမည်ဟု ကတိပေးခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ခွင့်ပြုခြင်းတို့အပါအဝင်၊ သို့သော် ၎င်းးတို့နှင့်သာ ကန့်သတ်မထားသော လာဘ်ပေးလာဘ်ယူမှုပုံစံတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

ကျွန်ုပ်တို့အနေနှင့် DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် မိမိတို့၏လုပ်ဆောင်ချက်များ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စွမ်းဆောင်ရည်အတွက် မှန်ကန်သောအချက်အလက်များ ထားရှိရန် နှင့်၊ ၎င်းတို့ကို အပ်စပ်သောစည်းမျဉ်းများနှင့် နှိုင်းယှဉ်နိုင်သော စက်မှုလုပ်ငန်းကျင့်သုံး အလေ့အထများနှင့်အညီ ထုတ်ဖော်ရန် မျှော်လင့်ထားပါသည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများသည် ထိုအချက်အလက်များကို မှားယွင်းအောင်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တလျှောက် လိမ်လည်လှည့်ဖျားမှုတစ်ခုခု ပြုလုပ်ခြင်းတွင် မပါဝင်ရပါ။ မိမိတို့သည် ကိုယ်ရေးကိုယ်တာဒေတာများ (ဝန်ထမ်း၊ စီးပွားဖက်ပါတနာများ၊ ဖောက်သည်များနှင့် စားသုံးသူများ ပိုင်ဆိုင်သော ဒေတာများ အပါအဝင်) ကိုလည်း သေချာဂရုတစိုက်ဖြင့် ကိုယ်ရေးလုံခြုံမှုနှင့် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများနှင့်အညီ စုစည်း၊ အသုံးပြု၊ ကာကွယ်ပေးရမည်။

## 13. စီမံခန့်ခွဲမှု စနစ်များ

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများက ဤနေရာ၌ဖော်ပြထားသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သိသာထင်ရှားသော စီမံချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့ကို လုပ်ငန်းစီမံဆောင်ရွက်မှု အဆင့်ဆင့်တွင် ပေါင်းစပ်ရမည်ဖြစ်သလို၊ ၎င်းတို့ကို ကော်ပိုရိတ်ဆိုင်ရာ အယူအဆနှင့် မူဝါဒများနှင့် တစ်သားတည်းကျသော အစိတ်အပိုင်းတစ်ခုဖြစ်အောင် လုပ်ဆောင်ရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် DEICHMANN ကျင့်ဝတ်စည်းမျဉ်းနှင့် ဆက်စပ်သော ကိစ္စရပ်အားလုံးအတွက် တာဝန်ယူမည့် မန်နေဂျာတစ်ယောက်ကို မိမိအဖွဲ့အစည်းအတွင်း ခန့်အပ်ရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင် သတ်မှတ်ထားသော စံနှုန်းများ၏ အကောင်အထည်ဖော်မှုကို ပုံမှန် စစ်ဆေးရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များသည် ဝန်ထမ်းအားလုံးနှင့် ပတ်သက်၍ သူတို့၏ ကြီးကြပ်ကွပ်ကဲမှုနှင့် သဘောတူညီမှုအောက်တွင် DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင် သတ်မှတ်ထားသော စံနှုန်းများကို ပြည့်မီစေရန်အတွက် တာဝန်ယူရမည်

- တစ်ဦးဦးကို သူတို့ပိုင်သော (သို့) သူတို့စီမံနေသော အလုပ်ခွင်နေရာမှာ DEICHMANN ကျင့်ဝတ်စည်းမျဉ်း အကောင်အထည်ဖော်ရန်အတွက် တာဝန်ကို သတ်မှတ်တာဝန်ပေးရန်။
- ဝန်ထမ်းအားလုံးအတွက် DEICHMANN ကျင့်ဝတ်စည်းမျဉ်း၌ပါသော အကြောင်းအချက်များကို နားလည်လွယ်သော ဘာသာစကားဖြင့် သူတို့စိတ်ထဲ ဝင်နေအောင် ထည့်သွင်းပေးခြင်းဖြင့်၊ ပြီးနောက်

DEICHMANN ကျင့်ဝတ်စည်းမျဉ်းဆိုင်ရာ ပုံမှန် သင်တန်းများပေးခြင်းဖြင့် ၎င်းကျင့်ဝတ်စည်းမျဉ်းများကို ဝန်ထမ်းအားလုံးသိရှိနားလည်အောင် လုပ်ဆောင်ရန်။

– DEICHMANN ကျင့်ဝတ်စည်းမျဉ်းနှင့် ကိုက်ညီသော သတင်းအချက်အလက်ပေးသည့် ဝန်ထမ်းအပေါ် စည်းကမ်းပိုင်းအရ အရေးယူခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရန်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများအနေဖြင့် DEICHMANN ကျင့်ဝတ်စည်းမျဉ်း၏ စံနှုန်းများကို ဖြည့်ဆည်းကြောင်း စာရွက်စာတမ်းများဖြင့် သက်သေပြနိုင်ရမည်။ မိမိတို့အနေဖြင့် ယင်းစာရွက်စာတမ်းများ ကြည့်ခွင့်ပေးထားရန်နှင့်၊ DEICHMANN လုပ်ငန်းစုက တာဝန်ပေးသော ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ စံနှုန်းပြည့်၊မပြည့်ကို စစ်ဆေးလျှင် စစ်ဆေးနိုင်အောင် သင့်တော်သော သတင်းအချက်အလက်များပေးရန် အသင့်ရှိနေရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တစ်ဆင့်ခံ ကန်ထရိုက်များအနေဖြင့် တဆင့်ခံ ကန်ထရိုက်တာများနှင့်ချုပ်ဆိုသော သဘောတူညီချက်အားလုံးတွင် DEICHMANN ကျင့်ဝတ်စည်းမျဉ်း လိုက်နာဆောင်ရွက်မှုအပိုင်း ထည့်သွင်းပေးရမည်။ ဤသဘောတူညီချက်များသည် DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင်ဖော်ပြထားသော (ဤပိုဒ်ခွဲ အပါအဝင်) စံနှုန်းအားလုံးကို ပြည့်မီစေရန်၊ တောင်းဆိုလာလျှင် ကုန်ပစ္စည်းပေးသွင်းသူများ၏ စာရင်းစစ်ဆေးမှုများတွင် ပါဝင်ရန်အတွက် ပူးတွဲကန်ထရိုက်တာများက လက်ခံရမည်။

## 14. စာရင်းစစ်နှင့် စောင့်ကြည့်စစ်ဆေးခြင်း

DEICHMANN ကျင့်ဝတ်စည်းမျဉ်းနှင့် ကိုက်ညီခြင်းရှိမရှိ စစ်ဆေးရာတွင်၊ DEICHMANN လုပ်ငန်းစုကိုယ်စား လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းစစ်ဝင်ရန်အတွက်လည်း သီးခြားလွတ်လပ်သော စာရင်းစစ်များကို အသုံးပြုပါမည်။ DEICHMANN ၏ စီးပွားဖက်ပါတနာအမျိုးမျိုးအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်အဆင့်ဆင့်အတွင်းရှိ မိမိတို့၏ အခန်းကဏ္ဍအပေါ် မူတည်၍ မတူညီသော လုပ်ငန်းဖော်ဆောင်မှုအခြေအနေများကို လိုက်နာဆောင်ရွက်ရမည်။

ကျွန်ုပ်တို့၏ DEICHMANN လုပ်ငန်းစုသည် စနစ်တကျ ကြိုတင်မကြေညာသော စစ်ဆေးမှုများဖြင့် ဤစည်းမျဉ်းဥပဒေအပေါ် လိုက်နာဆောင်ရွက်မှုအပိုင်း စောင့်ကြည့်စစ်ဆေးသော အခွင့်အရေးကို လက်ဝယ်ကိုင်ဆောင်ထားသည်။ ထိုစစ်ဆေးမှုများကို Business Social Compliance Initiative (BSCI) လမ်းညွှန်ချက်များနှင့်အညီ DEICHMANN လုပ်ငန်းစု၏အဖွဲ့ဝင်များ သို့မဟုတ် သီးခြားလွတ်လပ်သော အလွတ်တမ်း စာရင်းစစ်များက လုပ်ဆောင်မည်ဖြစ်သည်။

## 15. ပြုပြင်ကြပ်မတ်ပေးခြင်းနှင့် လေးစားလိုက်နာမှုမရှိခြင်း

DEICHMANN ကျင့်ဝတ်စည်းမျဉ်းတွင် DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများ လိုက်နာဖြည့်ဆည်းပေးမည်ဟု မျှော်လင့်ရသော စည်းမျဉ်းများကို သတ်မှတ်ထားရှိသည်။

ထိုမျှော်လင့်ချက်များမှ တချို့ကို လူတိုင်းက ချက်ချင်း မလိုက်နာနိုင်မှန် ကျွန်ုပ်တို့ သိပါသည်။ DEICHMANN လုပ်ငန်းစုအတွက်၊ လိုက်နာမှုမရှိခြင်း ကိစ္စရပ်များသည် အရေးကြီးသည်ဖြစ်သောကြောင့်၊ DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်များအနေဖြင့် အခြေအနေကို တိုးတက်ကောင်းမွန်စေအောင်ပြုလုပ်ပြီး၊ နောက်ဆုံးတော့ သတ်မှတ်ကာလအတွင်း ထိုစည်းမျဉ်းများကို လေ့လာလိုက်နာရမည်။ ဒီအတွက် ဘယ်လောက်ကြာကြာ ခွင့်ပြုထားသလဲဆိုသည်မှာ ပြုပြင်ကြီးကြပ်မှုပုံစံနှင့် အန္တရာယ်အတိုင်းအတာတို့အပေါ် မူတည်မည်ဖြစ်ပြီး၊ DEICHMANN လုပ်ငန်းစုက သဘောတူညီရမည်။

DEICHMANN စီးပွားဖက်ပါတနာများနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ တဆင့်ခံ ကန်ထရိုက်တာများ၏အနေဖြင့် ပြုပြင်ကြပ်မတ်မှုကို မခံယူဘဲ ဤစည်းမျဉ်းဥပဒေကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ပါက၊ ပူးပေါင်းလုပ်ဆောင်မှုကို မလွှဲသာ အဆုံးသတ်စေနိုင်ပါသည်။